**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

**ညွှန်ကြားချက်အမှတ်၊ (၁/၂၀၁၉)**

**နေပြည်တော်၊ ၁၃၈၁ ခုနှစ် နယုန်လဆန်း ( ၃ ) ရက်**

**၂၀၁၉ ခုနှစ်၊ ဇွန်လ ( ၅ ) ရက်**

**အတိုးနှုန်းနှင့်အခြားကောက်ခံသည့်အခကြေးငွေဆိုင်ရာညွှန်ကြားချက်**

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေး လုပ်ငန်း ဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသင်းဝင်များ၏ ချေးငွေ၊ စုဆောင်းငွေ တို့နှင့် စပ်လျဉ်း၍ အတိုးနှုန်း တွက်ချက်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) **ချေးငွေအပေါ်ကောက်ခံရမည့်အတိုးနှုန်း**

(၁) အသေးစားချေးငွေအပေါ် ကောက်ခံသည့် အတိုးနှုန်းသည် ကျပ် ၁၀၀ အတွက် တစ်လလျှင် ၂ ကျပ် ၃၀ ပြား၊ တစ်နှစ်လျှင် ၂၈ ရာခိုင်နှုန်း ထက်မပိုရ။

(၂) ချေးငွေအပေါ်အတိုးနှုန်းတွက်ချက်ရာတွင် သက်ရောက်အတိုးနှုန်း (Effective Rate) ဖြင့် တွက်ချက်ကောက်ခံရမည်။

(ခ) **စုဆောင်းငွေအပေါ်ပေးရမည့်အတိုးနှုန်း**

(၁) မဖြစ်မနေစုဆောင်းငွေ (Compulsory Saving) အပေါ်တွင်ပေးသည့် အတိုးနှုန်းသည် ကျပ် ၁၀၀ အတွက် တစ်လလျှင် ၁ ကျပ် ၂၀ ပြား၊ တစ်နှစ်လျှင် ၁၄ ရာခိုင်နှုန်း ထက်မနည်းရ၊

(၂) ဆန္ဒအလျောက်စုဆောင်းငွေ (Voluntary Saving) အပေါ်တွင်ပေးသည့် အတိုးနှုန်းသည် ကျပ် ၁၀၀ အတွက် တစ်လလျှင် ၈၀ ပြား ၊ တစ်နှစ်လျှင် ၁၀% ထက် မနည်းရ။

၃။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အခြားကောက်ခံသော အခကြေးငွေ (Fee) များဖြစ်သည့် ချေးငွေဝန်ဆောင်မှုစရိတ်၊ ဘဏ်ဝန်ဆောင်မှုစရိတ် ၊ ဒဏ်ကြေးများ ၊ ဒစ်ဂျစ်တယ် ငွေကြေးဝန်ဆောင်မှု (Digital Financial Service) အတွက်ကောက်ခံသည့် ဝန်ဆောင်ခ ၊ လူမှုရေး ထောက်ပံ့ငွေအတွက် ထည့်ဝင်ကြေး (Social Welfare Fee) ၊ အသက်အာမခံကြေး၊ အသင်းဝင် ကြေး၊ စာအုပ် နှင့် စာရွက်စာတမ်းကြေး ၊ သတ်မှတ်ချိန်ထက်စော၍ ပြန်လည်ပေးဆပ်မှုအတွက် ကောက်ခံသည့် ဝန်ဆောင်ခစသည်တို့နှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အခြားကောက်ခံသော အခကြေးငွေ စုစုပေါင်းသည် ချေးငွေထုတ်ချေးသည့်ကာလ (၁၂) လအတွက် ချေးငွေပမာဏ၏ (၂%) ထက် မပိုရ ၊

(ခ) ချေးငွေထုတ်ချေးသည့်ကာလ (၁၂) လအောက် နှင့် (၁၂) လ အထက် ချေးငွေများအတွက် အခြားကောက်ခံသော အခကြေးငွေ စုစုပေါင်းသည် တစ်နှစ်လျှင် ချေးငွေပမာဏ၏ (၂%) အပေါ် အခြေခံ၍ ချေးငွေကာလအလိုက် တွက်ချက် ကောက်ခံရမည်။

၄။ ဤညွှန်ကြားချက်သည် ၂၀၁၉ ခုနှစ် ဖွန်လ (၁) ရက်နေ့မှ စ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

၅။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၁) ၊ (၂/၂၀၁၄) နှင့် (၄/၂၀၁၆) တွင် သတ်မှတ်ခဲ့သည့် ချေးငွေအပေါ်ကောက်ခံရမည့် အတိုးနှုန်းနှင့် စုဆောင်းငွေအပေါ် ပေးရမည့်အတိုးနှုန်းတို့ကို ဤညွှန်ကြားချက်ဖြင့် ကျော်လွှန် လွှမ်းမိုးလိုက်သည်။

စိုးဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက-၁ / ၆ ( ၃၅၄ / ၂၀၁၉)

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ဖွန်လ ၃ ရက်

**ဖြန့်ဝေခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် တာဝန်ခံများအားလုံး

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

အမိန့်အရ

၃၊၆၊၁၉

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

နောက်ဆက်တွဲ(က)

## သက်ရောက်အတိုးနှုန်း(Effective rate)တွက်ချက်ပုံ

ချေးငွေပမာဏ = ကျပ် - ၁၂၀၀၀၀
ချေးငွေသက်တမ်း = ၁ နှစ်
ချေးငွေပေးဆပ်မှု = လစဉ်ဆပ်
အကြိမ်အရေအတွက် = ၁၂ကြိမ်
တစ်ကြိမ်ပေးဆပ်ရမည့်အရင်း = ချေးငွေပမာဏ/အကြိမ်အရေအတွက်
= ၁၂၀၀၀၀/၁၂
= ၁၀၀၀၀
သက်ရောက်အတိုးနှုန်း = ၂၈% (သက်ရောက်အတိုးနှုန်း)
= တစ်လ ၂.၃၀%

| ချေးငွေပေးဆပ်မှု အကြိမ်အရေအတွက် | အရင်းပေးဆပ်မှု (ကျပ်) | အတိုးကျသင့်ငွေ (ကျပ်) | ပေးဆပ်ရန်လက်ကျန် (ကျပ်) | လစဉ်အတိုးနှုန်း (%) |
|---|---|---|---|---|
| | | | ၁၂၀၀၀၀ | |
| ၁ | ၁၀၀၀၀ | ၂၇၆၀.၀၀ | ၁၁၀၀၀၀ | ၂.၃၀% |
| ၂ | ၁၀၀၀၀ | ၂၅၃၀.၀၀ | ၁၀၀၀၀၀ | ၂.၃၀% |
| ၃ | ၁၀၀၀၀ | ၂၃၀၀.၀၀ | ၉၀၀၀၀ | ၂.၃၀% |
| ၄ | ၁၀၀၀၀ | ၂၀၇၀.၀၀ | ၈၀၀၀၀ | ၂.၃၀% |
| ၅ | ၁၀၀၀၀ | ၁၈၄၀.၀၀ | ၇၀၀၀၀ | ၂.၃၀% |
| ၆ | ၁၀၀၀၀ | ၁၆၁၀.၀၀ | ၆၀၀၀၀ | ၂.၃၀% |
| ၇ | ၁၀၀၀၀ | ၁၃၈၀.၀၀ | ၅၀၀၀၀ | ၂.၃၀% |
| ၈ | ၁၀၀၀၀ | ၁၁၅၀.၀၀ | ၄၀၀၀၀ | ၂.၃၀% |
| ၉ | ၁၀၀၀၀ | ၉၂၀.၀၀ | ၃၀၀၀၀ | ၂.၃၀% |
| ၁၀ | ၁၀၀၀၀ | ၆၉၀.၀၀ | ၂၀၀၀၀ | ၂.၃၀% |
| ၁၁ | ၁၀၀၀၀ | ၄၆၀.၀၀ | ၁၀၀၀၀ | ၂.၃၀% |
| ၁၂ | ၁၀၀၀၀ | ၂၃၀.၀၀ | ၀ | ၂.၃၀% |
| စုစုပေါင်း | ၁၂၀၀၀၀ | ၁၇၉၄၀.၀၀ | ၇၈၀၀၀၀ | ၂၇.၆၀% |

ပျမ်းမျှချေးငွေလက်ကျန် = စုစုပေါင်းချေးငွေလက်ကျန် / ပေးဆပ်ရမည့်အကြိမ်အရေအတွက်
= ၇၈၀၀၀၀/၁၂
= ကျပ်- ၆၅၀၀၀
သက်ရောက်အတိုးနှုန်း= အတိုးစုစုပေါင်း / ပျမ်းမျှချေးငွေလက်ကျန်
= ၁၇၉၄၀/၆၅၀၀၀
= ၂၇.၆၀%

နောက်ဆက်တွဲ(ခ)

## သက်ရောက်အတိုးနှုန်း(Effective rate)တွက်ချက်ပုံ

ချေးငွေပမာဏ = ကျပ် - ၁၂၀၀၀၀
ချေးငွေသက်တမ်း = ၁ နှစ်
ချေးငွေပေးဆပ်မှု = နှစ်ပတ် တစ်ကြိမ်
အကြိမ်အရေအတွက် = ၂၆ ကြိမ်
တစ်ကြိမ်ပေးဆပ်ရမည့်အရင်း = ချေးငွေပမာဏ/အကြိမ်အရေအတွက်
= ၁၂၀၀၀၀/၂၆
= ၄၆၁၅.၃၈
သက်ရောက်အတိုးနှုန်း = ၂၈% (သက်ရောက်အတိုးနှုန်း)
= တစ်ကြိမ် ၁.၀၆ %

| ချေးငွေပေးဆပ်မှု အကြိမ်အရေအတွက် | အရင်းပေးဆပ်မှု (ကျပ်) | အတိုးကျသင့်ငွေ (ကျပ်) | ပေးဆပ်ရန်လက်ကျန် (ကျပ်) | လစဉ်အတိုးနှုန်း (%) |
|---|---|---|---|---|
| | | | ၁၂၀၀၀၀ | |
| ၁ | ၄၆၁၅ | ၁၂၇၂.၀၀ | ၁၁၅၃၈၅ | ၁.၀၆% |
| ၂ | ၄၆၁၅ | ၁၂၂၃.၀၈ | ၁၁၀၇၇၀ | ၁.၀၆% |
| ၃ | ၄၆၁၅ | ၁၁၇၄.၁၆ | ၁၀၆၁၅၅ | ၁.၀၆% |
| ၄ | ၄၆၁၅ | ၁၁၂၅.၂၄ | ၁၀၁၅၄၀ | ၁.၀၆% |
| ၅ | ၄၆၁၅ | ၁၀၇၆.၃၂ | ၉၆၉၂၅ | ၁.၀၆% |
| ၆ | ၄၆၁၅ | ၁၀၂၇.၄၁ | ၉၂၃၁၀ | ၁.၀၆% |
| ၇ | ၄၆၁၅ | ၉၇၈.၄၉ | ၈၇၆၉၅ | ၁.၀၆% |
| ၈ | ၄၆၁၅ | ၉၂၉.၅၇ | ၈၃၀၈၀ | ၁.၀၆% |
| ၉ | ၄၆၁၅ | ၈၈၀.၆၅ | ၇၈၄၆၅ | ၁.၀၆% |
| ၁၀ | ၄၆၁၅ | ၈၃၁.၇၃ | ၇၃၈၅၀ | ၁.၀၆% |
| ၁၁ | ၄၆၁၅ | ၇၈၂.၈၁ | ၆၉၂၃၅ | ၁.၀၆% |
| ၁၂ | ၄၆၁၅ | ၇၃၃.၈၉ | ၆၄၆၂၀ | ၁.၀၆% |
| ၁၃ | ၄၆၁၅ | ၆၈၄.၉၇ | ၆၀၀၀၅ | ၁.၀၆% |
| ၁၄ | ၄၆၁၅ | ၆၃၆.၀၅ | ၅၅၃၉၀ | ၁.၀၆% |
| ၁၅ | ၄၆၁၅ | ၅၈၇.၁၃ | ၅၀၇၇၅ | ၁.၀၆% |
| ၁၆ | ၄၆၁၅ | ၅၃၈.၂၂ | ၄၆၁၆၀ | ၁.၀၆% |
| ၁၇ | ၄၆၁၅ | ၄၈၉.၃၀ | ၄၁၅၄၅ | ၁.၀၆% |
| ၁၈ | ၄၆၁၅ | ၄၄၀.၃၈ | ၃၆၉၃၀ | ၁.၀၆% |
| ၁၉ | ၄၆၁၅ | ၃၉၁.၄၆ | ၃၂၃၁၅ | ၁.၀၆% |
| ၂၀ | ၄၆၁၅ | ၃၄၂.၅၄ | ၂၇၇၀၀ | ၁.၀၆% |
| ၂၁ | ၄၆၁၅ | ၂၉၃.၆၂ | ၂၃၀၈၅ | ၁.၀၆% |
| ၂၂ | ၄၆၁၅ | ၂၄၄.၇၀ | ၁၈၄၇၀ | ၁.၀၆% |
| ၂၃ | ၄၆၁၅ | ၁၉၅.၇၈ | ၁၃၈၅၅ | ၁.၀၆% |
| ၂၄ | ၄၆၁၅ | ၁၄၆.၈၆ | ၉၂၄၀ | ၁.၀၆% |
| ၂၅ | ၄၆၁၅ | ၉၇.၉၄ | ၄၆၂၅ | ၁.၀၆% |
| ၂၆ | ၄၆၂၅ | ၄၉.၀၃ | ၀ | ၁.၀၆% |
| စုစုပေါင်း | ၁၂၀၀၀၀ | ၁၇၁၇၂.၃၃ | ၁၆၀၂၁၂၅ | ၂၇.၆၀% |

ပျမ်းမျှဈေးငွေလက်ကျန် = စုစုပေါင်းဈေးငွေလက်ကျန် / ပေးဆပ်ရမည့်အကြိမ်အရေအတွက်

= ၁၆၂၀၁၂၅/၂၆

= ကျပ်- ၆၂၃၁၂.၅၀

သက်ရောက်အတိုးနှုန်း= အတိုးစုစုပေါင်း / ပျမ်းမျှဈေးငွေလက်ကျန်

= ၁၇၁၇၃.၃၃/ ၆၂၃၁၂.၅၀

= ၂၇.၆၀%

နောက်ဆက်တွဲ(ဂ)

## သက်ရောက်အတိုးနှုန်း(Effective rate)တွက်ချက်ပုံ

ချေးငွေပမာဏ = ကျပ် - ၁၂၀၀၀၀
ချေးငွေသက်တမ်း = ၁ နှစ်
ချေးငွေပေးဆပ်မှု = တစ်ပတ် တစ်ကြိမ်
အကြိမ်အရေအတွက် = ၅၂ ကြိမ်
တစ်ကြိမ်ပေးဆပ်ရမည့်အရင်း = ချေးငွေပမာဏ/အကြိမ်အရေအတွက်
= ၁၂၀၀၀၀/၅၂
= ၂၃၀၇.၆၉
သက်ရောက်အတိုးနှုန်း = ၂၈% (သက်ရောက်အတိုးနှုန်း)
= တစ်ကြိမ် ၀.၅၃%

| ချေးငွေပေးဆပ်မှု အကြိမ်အရေအတွက် | အရင်းပေးဆပ်မှု (ကျပ်) | အတိုးကျသင့်ငွေ (ကျပ်) | ပေးဆပ်ရန်လက်ကျန် (ကျပ်) | လစဉ်အတိုးနှုန်း (%) |
|---|---|---|---|---|
| | | | ၁၂၀၀၀၀ | |
| ၁ | ၂၃၀၈ | ၆၃၆.၀၀ | ၁၁၇၆၉၂ | ၀.၅၃% |
| ၂ | ၂၃၀၈ | ၆၂၃.၇၇ | ၁၁၅၃၈၄ | ၀.၅၃% |
| ၃ | ၂၃၀၈ | ၆၁၁.၅၄ | ၁၁၃၀၇၆ | ၀.၅၃% |
| ၄ | ၂၃၀၈ | ၅၉၉.၃၀ | ၁၁၀၇၆၈ | ၀.၅၃% |
| ၅ | ၂၃၀၈ | ၅၈၇.၀၇ | ၁၀၈၄၆၀ | ၀.၅၃% |
| ၆ | ၂၃၀၈ | ၅၇၄.၈၄ | ၁၀၆၁၅၂ | ၀.၅၃% |
| ၇ | ၂၃၀၈ | ၅၆၂.၆၁ | ၁၀၃၈၄၄ | ၀.၅၃% |
| ၈ | ၂၃၀၈ | ၅၅၀.၃၇ | ၁၀၁၅၃၆ | ၀.၅၃% |
| ၉ | ၂၃၀၈ | ၅၃၈.၁၄ | ၉၉၂၂၈ | ၀.၅၃% |
| ၁၀ | ၂၃၀၈ | ၅၂၅.၉၁ | ၉၆၉၂၀ | ၀.၅၃% |
| ၁၁ | ၂၃၀၈ | ၅၁၃.၆၈ | ၉၄၆၁၂ | ၀.၅၃% |
| ၁၂ | ၂၃၀၈ | ၅၀၁.၄၄ | ၉၂၃၀၄ | ၀.၅၃% |
| ၁၃ | ၂၃၀၈ | ၄၈၉.၂၁ | ၈၉၉၉၆ | ၀.၅၃% |
| ၁၄ | ၂၃၀၈ | ၄၇၆.၉၈ | ၈၇၆၈၈ | ၀.၅၃% |
| ၁၅ | ၂၃၀၈ | ၄၆၄.၇၅ | ၈၅၃၈၀ | ၀.၅၃% |
| ၁၆ | ၂၃၀၈ | ၄၅၂.၅၁ | ၈၃၀၇၂ | ၀.၅၃% |
| ၁၇ | ၂၃၀၈ | ၄၄၀.၂၈ | ၈၀၇၆၄ | ၀.၅၃% |
| ၁၈ | ၂၃၀၈ | ၄၂၈.၀၅ | ၇၈၄၅၆ | ၀.၅၃% |
| ၁၉ | ၂၃၀၈ | ၄၁၅.၈၂ | ၇၆၁၄၈ | ၀.၅၃% |
| ၂၀ | ၂၃၀၈ | ၄၀၃.၅၈ | ၇၃၈၄၀ | ၀.၅၃% |
| ၂၁ | ၂၃၀၈ | ၃၉၁.၃၅ | ၇၁၅၃၂ | ၀.၅၃% |
| ၂၂ | ၂၃၀၈ | ၃၇၉.၁၂ | ၆၉၂၂၄ | ၀.၅၃% |
| ၂၃ | ၂၃၀၈ | ၃၆၆.၈၉ | ၆၆၉၁၆ | ၀.၅၃% |
| ၂၄ | ၂၃၀၈ | ၃၅၄.၆၅ | ၆၄၆၀၈ | ၀.၅၃% |
| ၂၅ | ၂၃၀၈ | ၃၄၂.၄၂ | ၆၂၃၀၀ | ၀.၅၃% |
| ၂၆ | ၂၃၀၈ | ၃၃၀.၁၉ | ၅၉၉၉၂ | ၀.၅၃% |
| ၂၇ | ၂၃၀၈ | ၃၁၇.၉၆ | ၅၇၆၈၄ | ၀.၅၃% |

| ချေးငွေပေးဆပ်မှု အကြိမ်အရေအတွက် | အရင်းပေးဆပ်မှု (ကျပ်) | အတိုးကျသင့်ငွေ (ကျပ်) | ပေးဆပ်ရန်လက်ကျန် (ကျပ်) | လစဉ်အတိုးနှုန်း (%) |
|---|---|---|---|---|
| ၂၈ | ၂၃၀၈ | ၃၀၅.၇၃ | ၅၅၃၇၆ | ၀.၅၃% |
| ၂၉ | ၂၃၀၈ | ၂၉၃.၄၉ | ၅၃၀၆၈ | ၀.၅၃% |
| ၃၀ | ၂၃၀၈ | ၂၈၁.၂၆ | ၅၀၇၆၀ | ၀.၅၃% |
| ၃၁ | ၂၃၀၈ | ၂၆၉.၀၃ | ၄၈၄၅၂ | ၀.၅၃% |
| ၃၂ | ၂၃၀၈ | ၂၅၆.၈၀ | ၄၆၁၄၄ | ၀.၅၃% |
| ၃၃ | ၂၃၀၈ | ၂၄၄.၅၆ | ၄၃၈၃၆ | ၀.၅၃% |
| ၃၄ | ၂၃၀၈ | ၂၃၂.၃၃ | ၄၁၅၂၈ | ၀.၅၃% |
| ၃၅ | ၂၃၀၈ | ၂၂၀.၁၀ | ၃၉၂၂၀ | ၀.၅၃% |
| ၃၆ | ၂၃၀၈ | ၂၀၇.၈၇ | ၃၆၉၁၂ | ၀.၅၃% |
| ၃၇ | ၂၃၀၈ | ၁၉၅.၆၃ | ၃၄၆၀၄ | ၀.၅၃% |
| ၃၈ | ၂၃၀၈ | ၁၈၃.၄၀ | ၃၂၂၉၆ | ၀.၅၃% |
| ၃၉ | ၂၃၀၈ | ၁၇၁.၁၇ | ၂၉၉၈၈ | ၀.၅၃% |
| ၄၀ | ၂၃၀၈ | ၁၅၈.၉၄ | ၂၇၆၈၀ | ၀.၅၃% |
| ၄၁ | ၂၃၀၈ | ၁၄၆.၇၀ | ၂၅၃၇၂ | ၀.၅၃% |
| ၄၂ | ၂၃၀၈ | ၁၃၄.၄၇ | ၂၃၀၆၄ | ၀.၅၃% |
| ၄၃ | ၂၃၀၈ | ၁၂၂.၂၄ | ၂၀၇၅၆ | ၀.၅၃% |
| ၄၄ | ၂၃၀၈ | ၁၁၀.၀၁ | ၁၈၄၄၈ | ၀.၅၃% |
| ၄၅ | ၂၃၀၈ | ၉၇.၇၇ | ၁၆၁၄၀ | ၀.၅၃% |
| ၄၆ | ၂၃၀၈ | ၈၅.၅၄ | ၁၃၈၃၂ | ၀.၅၃% |
| ၄၇ | ၂၃၀၈ | ၇၃.၃၁ | ၁၁၅၂၄ | ၀.၅၃% |
| ၄၈ | ၂၃၀၈ | ၆၁.၀၈ | ၉၂၁၆ | ၀.၅၃% |
| ၄၉ | ၂၃၀၈ | ၄၈.၈၄ | ၆၉၀၈ | ၀.၅၃% |
| ၅၀ | ၂၃၀၈ | ၃၆.၆၁ | ၄၆၀၀ | ၀.၅၃% |
| ၅၁ | ၂၃၀၈ | ၂၄.၃၈ | ၂၂၉၂ | ၀.၅၃% |
| ၅၂ | ၂၂၉၂ | ၁၂.၁၅ | ၀ | ၀.၅၃% |
| စုစုပေါင်း | ၁၂၀၀၀၀ | ၁၆၈၅၁.၈၄ | ၃၁၇၉၅၉၂ | ၂၇.၆၀% |

ပျမ်းမျှချေးငွေလက်ကျန် = စုစုပေါင်းချေးငွေလက်ကျန် / ပေးဆပ်ရမည့်အကြိမ်အရေအတွက်

= ၃၁၇၉၅၉၂/၅၂

= ကျပ်- ၆၁၁၄၆

သက်ရောက်အတိုးနှုန်း= အတိုးစုစုပေါင်း / ပျမ်းမျှချေးငွေလက်ကျန်

= ၁၆၈၅၁.၈၄/၆၁၁၄၆

= ၂၇.၆၀%

နောက်ဆက်တွဲ(ဃ)

# အခြားကောက်ခံသည့် အခကြေးငွေ(Fee)တွက်ချက်ကောက်ခံပုံ

| ချေးငွေကာလ | ကောက်ခံရမည့်နှုန်း | ကောက်ခံရမည့် ပမာဏ | တွက်ချက်ပုံနည်းစနစ် |
|---|---|---|---|
| (၆) လ | ချေးငွေပမာဏ၏ ၁ % | ၁၂၀၀ | ၁၂၀၀၀၀ x ၁ % |
| (၁) နှစ် | ချေးငွေပမာဏ၏ ၂ % | ၂၄၀၀ | ၁၂၀၀၀၀ x ၂ % |
| (၁) နှစ် (၆) လ | ချေးငွေပမာဏ၏ ၃ % | ၃၆၀၀ | ၁၂၀၀၀၀ x ၃ % |
| (၂) နှစ် | ချေးငွေပမာဏ၏ ၄ % | ၄၈၀၀ | ၁၂၀၀၀၀ x ၄ % |